**ASIA WORLD PORT MANAGEMENT CO., LTD.**
ASIA WORLD PORT TERMINAL, KWIN CHAUNG ST., AHLONE, YANGON, MYANMAR
T: 210601, 210747, 211561, 212913, 212915 F: (95-1)210598

**Press Release**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ အေးရှားဝေါလ်ဆိပ်ကမ်းသို့ လာရောက်လေ့လာ

- ပြည်သူ့လွှတ်တော်၏ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ ဥက္ကဌ နှင့် အဖွဲ့ဝင်များ၊ စီမံကိန်းလုပ်ငန်းများ၊ ရသုံးငွေများ စိစစ်ရေး ပူးပေါင်းအဖွဲ့ (၁၁) အဖွဲ့ဝင်များ နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ဩဂုတ်လ ၂၆ ရက်တွင် လာရောက်လေ့လာ

**ရန်ကုန် - ဩဂုတ်လ ၂၆ ရက်၊ ၂၀၁၈ခုနှစ်** - Asia World Port Management Company Limited (AWPM) မှ စီမံခန့်ခွဲဝန်ဆောင်မှုပေးလျက်ရှိသော အေးရှားဝေါလ်ဆိပ်ကမ်း (AWPT) သို့ ပြည်သူ့လွှတ်တော်၏ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ ဥက္ကဌ နှင့် အဖွဲ့ဝင်များ၊ စီမံကိန်းလုပ်ငန်းများ၊ ရသုံးငွေများ စိစစ်ရေး ပူးပေါင်းအဖွဲ့ (၁၁) အဖွဲ့ဝင်များ နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ဩဂုတ်လ ၂၆ ရက်တွင် နံနက်ပိုင်းတွင် လာရောက်လေ့လာခဲ့ကြပါသည်။

ပြည်သူ့လွှတ်တော်၏ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ ဥက္ကဌ ဦးတင်မောင်ဝင်း နှင့် အတွင်းရေးမှူး ဦးနေဖူးဗဆွေ ဦးဆောင်သော အဖွဲ့ဝင်များ နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်တို့သည် ဆိပ်ကမ်း River Site တွင် ကုန်တင်၊ ကုန်ချလုပ်ငန်းများဆောင်ရွက်နေခြင်း နှင့် Control Centre Room တို့ကို လေ့လာကြည့်ရှုခဲ့ပါသည်။ လေ့လာကြည့်ရှုပြီးနောက် ဦးနီအောင် နှင့် ပြည်သူ့လွှတ်တော်၏ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးနေဖူးဗဆွေတို့မှ မှတ်ချက်စကားများပြောကြားခဲ့ပြီး အေးရှားဝေါလ်ဆိပ်ကမ်း၏ ဒါရိုက်တာ ဦးစိုင်းမြင့်သိန်းမှ ဆိပ်ကမ်းလုပ်ငန်းများနှင့်ပက်သက်၍ ရှင်းလင်းတင်ပြခဲ့ကာ ဆိပ်ကမ်းလုပ်ငန်းစဉ်များအား ဗီဒီယိုများဖြင့် တင်ဆက်ပြသခဲ့ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်မှ အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ၏ တိုးတက်မှုတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးကဏ္ဍ၏ အရေးပါပုံ နှင့် မြန်မာနိုင်ငံ၏ ရေကြောင်းကုန်သွယ်ရေး ကဏ္ဍတွင် ရန်ကုန်ဆိပ်ကမ်း၏ အရေးပါမှုတို့ကို ပြောကြားသွားခဲ့ပါသည်။

ပြည်သူ့လွှတ်တော်၏ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး ဦးနေဖူးဗဆွေမှလည်း သက်ဆိုင်ရာအစိုးရဌာနများအနေဖြင့် E-government ဖော်ဆောင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိနေစဉ်တွင် အေးရှားဝေါလ်ဆိပ်ကမ်း၏ ဖွံ့ဖြိုးတိုးတက်မှု နှင့် ခေတ်မီနည်းပညာများ အသုံးပြုနေမှုကို မြင်တွေ့ခဲ့ရကြောင်း ပြော

ကြားသွားခဲ့ပါသည်။ E-government ဖော်ဆောင်ရာတွင် ပုဂ္ဂလိကကဏ္ဍများမှ ဤကဲ့သို့ တိုးတက်ဖွံ့ဖြိုးမှုများကို ဝမ်းမြောက်ကြိုဆိုကြောင်းလည်း ပြောကြားသွားခဲ့ပါသည်။

Asia World Port Management အဖွဲ့မှ လေ့လာရေးအဖွဲ့အား နေ့လည်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီးနောက် နေ့လ ည် ၁း၄၀ တွင် အေးရှားဝေါလ်ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။




*ပြည်သူ့လွှတ်တော်၏ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး နှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူး ဦးနေဖူးဗဆွေမှ အေးရှားဝေါလ်ဆိပ်ကမ်းတွင် အမှာစကားပြောကြားနေစဉ်*

-- END --

**အေးရှားဝေါလ်ဆိပ်ကမ်းအကြောင်း**

နိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ ရေရှည်ဝန်ဆောင်မှုပေးနိုင်ရန် မျှော်မှန်းတည်ဆောက်ထားသော အေးရှားဝေါလ်ဆိပ်ကမ်းသည် ၁၉၉၆ခုနှစ်တွင် စတင်ခဲ့သည့် ပထမဆုံးပြည်တွင်းပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး ရန်ကုန်မြို့၏ ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သည့် အမျိုးသားရေးပဏာမခြေလှမ်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။

ထိုအချိန်မှစ၍ အေးရှားဝေါလ်ဆိပ်ကမ်းသည် နိုင်ငံတကာအဆင့်မီဆိပ်ကမ်းတစ်ခုအဖြစ် ရပ်တည်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုနှင့်အညီ မြင့်မားလာမည်ဖြစ်သော ကုန်စည်စီးဆင်းမှုနှင့်တပြေးညီ အဆင့်မြင့်ဝန်ဆောင်မှုများပေးစွမ်းနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် ကျွမ်းကျင်လုပ်သားဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ရန် အေးရှားဝေါလ်ဆိပ်ကမ်းအနေဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။